လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)


# အကြံပြုတိုက်တွန်းအပ်ပါသည်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် (၁၈ )နှစ်တာကာလအတွင်း ဖွဲ့ကောင်းကောင်းဖြင့် (နဝတ–နအဖ)စစ်အစိုးရ၏ ဖိနှိပ်ဖြိုခွဲမှုပေါင်းစုံကိုရင်ဆိုင်ခဲ့လျက် ပြည်သူများဘက်ကမားမတ်တည်ကြည်စွာရပ်တည်ဆောင်ရွက်ခဲ့သည်ကို ကျွန်တော်တို့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက အထူး လေးစားဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

သို့သော်လည်း **'အရာရာကိုသည်းခံခွင့်လွှတ်ခြင်းဖြင့်ရင်ဆိုင်ခြင်းသည်'** ပါတီတစ်ရပ်အတွက် နိုင်ငံရေးလမ်းစဉ်ကောင်း တစ်ရပ်ဖြစ်နိုင်မည်မဟုတ်ပါ။ အဖက်ဖက်ကအဆက်မပြတ်ဖိနှိပ်ချေမှုန်းနေသည်ကိုထိုသို့သောသဘောထားမျိုးဖြင့်သာ ဆက်လက် ရင်ဆိုင်နေမည်ဆိုလျှင် တဖြည်းဖြည်းခြင်းလုံးပါးပါးသွားပေတော့မည်။

တိုင်းပြည်နှင့်လူမျိုးစုံပြည်သူများအတွက် ဦးတည်ဆောင်ရွက်သည့်လှုပ်ရှားမှုတိုင်းသည် တိုင်းပြည်နှင့် လူမျိုးစုံပြည်သူများ ပါဝင်လှုပ်ရှားစေနိုင်ရန် စည်းရုံးလှုပ်ရှားသွားရမည်ဖြစ်ပါသည်။ ဤသည်မှာနိုင်ငံရေးပါတီတစ်ရပ်၏ အခြေခံအကျဆုံးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

စက်တင်ဘာလ ၁၉ ရက်နေ့ထုတ် နေ့စဉ်သတင်းစာများတွင် ဖော်ပြထားသည့် အချက် ၁၆ ချက်ပါ **'နိုင်ငံတော်အစိုးရ နှင့်ပြည်သူတို့၏သဘောထား'** တွင်ပြည်တွင်း/ပြည်ပလှုပ်ရှားမှုများနှင့်ပတ်သက်၍ (နအဖ)စစ်အစိုးရ ကရင်းတို့၏တင်းမာခက်ထန်သောသဘောထားကို ဤသို့ဖော်ပြထားပါသည်။

– **"မူဝါဒလမ်းစဉ် (၇)ရပ်ကို တိတိကျကျ ခိုင်ခိုင်မာမာ ချမှတ်ဖေါ်ဆောင်လျက်ရှိရာ ဖိအားပေး၊ အကျပ်ကိုင်၊ ပိတ်ဆို့အရေးယူမှုများကြောင့် မူဝါဒများပြောင်းလဲ ကျင့်သုံးမည်မဟုတ်ပေ"**

– **"ဒေါ်အောင်ဆန်းစုကြည် အားနိုင်ငံတော်အကြီးအကဲက (၄)ကြိမ်၊ ဝန်ကြီးအဆင့် တာဝန်ရှိသူများအဖွဲ့က အကြိမ် (၂၀)တွေ့ဆုံခဲ့ကြောင်းနှင့် (NLD)နှင့်ဒေါ်အောင်ဆန်းစုကြည်တို့အနေဖြင့် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးခြင်းမရှိဘဲ၊ ပါတီ နှင့်လူပုဂ္ဂိုလ် တစ်ဦးခြင်း၏ အရေးကိုသာ ဦးစားပေးခဲ့သဖြင့် ရလဒ်ကောင်းများပေါ်ထွက်လာခြင်းမရှိသည်ကိုတွေ့ရမည်ဖြစ်ပါသည်၊ ထို့ကြောင့် (NLD) အားထပ်မံ တွေ့ဆုံရန်မရှိပါ"** ဟူ၍ဖော်ပြပါရှိပါသည်။

ထိုသို့သော တစ်ဖက်သတ်စွပ်စွဲပုတ်ခတ်နေမှုများနှင့်ပတ်သက်၍တိုင်းပြည်နှင့်လူမျိုးစုံပြည်သူများကအဖြစ်မှန်အတိုင်းသိရှိကြစေရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အကျယ်တဝင့်ရှင်းလင်းတင်ပြရန်လိုအပ်ပါသည်။

(မဆလ)တပါတီအာဏာရှင်စနစ်ကို လူထုတစ်ရပ်လုံး၏ ပါဝင်အုံကြွမှုဖြင့်သာ ကျွန်တော်တို့ဖြိုချနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့အတူ ၁၉၉၀ ပြည့်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်လည်း လူထုတစ်ရပ်လုံး၏ တခဲနက်ဆန္ဒဖြင့်သာ(တစည) ကို စီးချင်းထိုးအနိုင်ယူခဲ့ခြင်းဖြစ်ပါသည်။

(နအဖ)စစ်အစိုးရသည်ရွေးကောက်ပွဲရလဒ်ဖျက်သိမ်းရေး၊လူထုခေါင်းဆောင်နှင့်လူထုကြိုက်နှစ်သက်သည့်ပါတီဖျက်သိမ်းရေးကိုနည်းလမ်းပေါင်းစုံဖြင့်ကြိုးစားခဲ့၊ ကြိုးစားနေဆဲဖြစ်သည်။ ယခုအခါ မတရားသင်းကြေညာရန် အချက်အလက်ရှိနေသည်ဟု ပင်ထုတ်ဖေါ်ပြောဆိုနေသည်။

ထိုသို့သောအခြေအနေတွင် လူထုမပါဝင်သော ဖြေရှင်းနည်းများကို ထုတ်ဖေါ်ကြံဆပြောဆိုလုပ်ကိုင်နေမည် ဆိုလျှင်တည်ရှိနေသောအခက်အခဲများပြေလည်နိုင်မည်မဟုတ်သည့်အပြင် ကွေ့ကောက်ရှည်ကြာမြဲ ပိုမိုကွေ့ကောက်ရှည်ကြာနေလိမ့်မည်သာ ဖြစ်ပါသည်။

လူထုအုံကြွမှုကသာ၊ လူထုတစ်ရပ်လုံးပါဝင်လှုပ်ရှားလာစေမှသာလျှင်လူထုကြိုက်နိုင်ငံရေးပါတီ၏ တင်ပြကမ်းလှမ်းအဆိုပြုချက်များ (တွေ့ဆုံဆွေးနွေးရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေး)စသည့်ကိစ္စရပ်များကို ဆောင်ကျဉ်း အကောင်အထည်ဖေါ်လာနိုင်ပါလိမ့်မည်။ လူထုတစ်ရပ်လုံးက အင်နှင့်အားနှင့်ပါဝင်လာနိုင်ရေးအတွက်နည်းလမ်းများ၊ စည်းရုံးရေးလမ်းစဉ်များကိုလူထုထံ ရှင်းလင်းတင်ပြသွားသင့်ပြီဖြစ်ပါကြောင်းအကြံပြုတိုက်တွန်းအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်။


ဆက်သွယ်ရန် – ကိုခင်မောင်တင့် ၀၈၁ ၀၂၁၅၄၇၀
ကိုငွေလင်း ၀၈၁ ၄၇၅၉၂၃



P.O Box 50, Mae Sod, Tak Province, 63110 Thailand. Tel/Fax: 66 55 546 581